အာအက်ဖ်အေ

၁၉–၀၁–၂၀၀၄ (မနက်ပိုင်း)

## ကလေးထောင်မှပြန်လွတ်လာသည့် မြင်းခြံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်နှင့် ဆက်သွယ်မေးမြန်းချက်။

မေ(၃၀) ဒီပဲယင်းအကြမ်းဖက်မှု ဖြစ်စဉ်နဲ့ပတ်သက်လို့ အဲဒီအကြမ်းဖက်ခံရမှုမှာ ဖမ်းဆီးထောင်ကျခံရပြီး ကလေးထောင် ကနေပြန်လွတ်လာတဲ့ ဒီပဲယင်းမျက်မြင်သက်သေတစ်ဦးဖြစ်တဲ့ မြင်းခြံမြို့နယ် အမှတ်(၁) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပေါခင်နဲ့ ဦးသစ်ထူးလွင်က အခုလို ဆက်သွယ်မေးမြန်း သတင်းပေးပို့ ထားပါတယ် ခင်ဗျာ။

မန္တလေးတိုင်း မြင်းခြံမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်ဟာ မေ (၃၀) ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုမှာ ဖမ်းဆီးခံရပြီး ကလေးထောင်မှာ ထောင်ချခံခဲ့ရသူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ (၁၆) ရက်နေ့မှာ ကလေးထောင်ကနေ ပြန်လွှတ်ပေးပြီး ဇန်နဝါရီလ (၁၇ )ရက်နေ့ ညနေပိုင်းမှာ မြင်းခြံမြို့နေအိမ်ကို ပြန်ရောက် လာပါတယ်။ ဒီပဲယင်းအကြမ်းဖက်မှုနဲ့ပတ်သက်လို့ မေးမြန်း ကြည့်ရာမှာ ဦးပေါခင်မှ အခုလို စတင်ရှင်းပြပါတယ်။

**ဖြေ။** ။ မုံရွာက အထွက်၊ တစ်လျှောက်လုံးပေ့ါလေ၊ သူတို့နောက်ကနေ တကောက်ကောက် လိုက်တာ ပေ့ါနော်။ ကျွန်တော်တို့ သွားလေရာ သူတို့နောက်က မပြတ်လိုက်ပြီးတော့ ဒီပဲယင်းအဝင် (၂) မိုင်အကွာ လောက်မှာ ကျွန်တော်တို့ယာဉ်တန်း ခဏရပ်နေတဲ့အချိန်မှာ နောက်ကနေ အသံတွေကြားလာတယ်လေ။ ရိုက်သံတွေ၊ ပြသံတွေ အဲဒါ အချိန်ကတော့ နည်းနည်းမှောင်ရီဝိုးတိုးဝါးပေ့ါ၊ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ လည်း ယာဉ်တန်းကအဲဒီမှာ စောင့်နေရင်းနဲ့ ဆယ့်လေးငါးမိနစ်လောက်ကြာသွားတဲ့အချိန်ကျတော့ အဲဒီမှာမှောင်ရီသန်းလာတယ်။ အဲဒီမှာ လမ်းမီးရောင်အောက်မှာ ကျွန်တော်တို့ နောက်လှမ်းကြည့်တော့ မြင်နေရတယ်။ လူတစ်စုပေ့ါ၊ ဒုတ်ကိုယ်စီနဲ့ နောက်ကနေပြီးတော့ အော်ဟစ်ပြီး တော့ ရိုက်တာ၊ ကားတွေ တစ်စီးပြီးတစ်စီး ရိုက်တာပေ့ါလေ။ နောက် ကျွန်တော်တို့ကားကတော့ ဒေါ်စုရဲ့ ကားနောက်မှာ ကပ်ရပ်ကလေးပဲ ကျွန်တော်တို့စီးလာတဲ့ကားက ရှိပါတယ်။ ကျွန်တော်တို့ကား ရောက်သွားတဲ့ အချိန်ကျတော့ ဒီလိုပါပဲ။ ခဲနဲ့ ထုတယ်။ ကားမှန်တွေ ကွဲသွားတယ်။ ဒုတ်နဲ့ ရိုက်တယ်။ လူတွေလည်း ထိခိုက်ဒါဏ်ရာရကုန်တယ်။

**မေး။** ။ ဒီပဲယင်း ဒီအကြမ်းဖက်မှုမှာ အကြမ်းဖက်ရိုက်နှက်တဲ့ လူတွေရဲ့ ပုံသဏ္ဍာန်က ဘယ်လိုရှိသလဲ။

**ဖြေ။** ။ ရိုက်တဲ့လူတွေ ပုံသဏ္ဍာန်က လူလတ်ပိုင်းလောက်ပါပဲ။ လူငယ်၊ လူရွယ်ပေ့ါလေ။ ကျွန်တော့် ခန့်မှန်းခြေအရ တော့ အစိတ်၊ သုံးဆယ် ပတ်ဝန်းကျင်လောက်ပေ့ါလေ။ ပုံစံကတော့ ပြောကျစတမ်း ဆိုရင်တော့ နည်းနည်းလေးတော့ သူတို့ထိန်းသိမ်းမှုအားတော့ နည်းလာတယ်ပေ့ါလေ။ နည်းနည်း၊ ရမ်းကားမူးယစ်ပုဂ္ဂိုလ်မျိုးလည်း ပါကောင်းပါပါလိမ့်မယ်။ လူပုံစံတွေတော့ လျှပ်တစ်ပြတ်တော့ ခန့်မှန်းမိ ပါတယ်။ ဒီပဲယင်းထဲအဝင်မှာတော့ အဲဒီမှာ သူတို့တစ်အုပ်စု ရှိသေး တာကိုး။ အဲဒီမှာတော့ လက်ပတ်တွေ ပတ်ထားတယ်။ ဒါတော့ သေသေချာချာတော့ ကျွန်တော်မသိသေးဘူး။ လက်နှစ် ဖက်စလုံးကို ပတ်ထား တာ။ အဖြူခင်ဗျ၊ ပတ်တီးအဖြူနဲ့ နေမှာပေ့ါလေ၊ လက်ကောက်ဝတ်လေးတွေမှာ ပတ်ထားတယ်။

**မေး။** ။ အဒီမှာ အန်ကယ်လ် သူတို့ရိုက်တဲ့လူတွေထဲမှာ ဘယ်လိုလက်နက်တွေကို သုံးတာတွေ့ရသလဲ ခင်ဗျ။

**ဖြေ။** ။ ဝါးရင်းတုတ်ပါပဲ၊ ထိပ်ပိတ်ပေ့ါခင်ဗျာ။

**မေး။** ။ သူတို့ နောက်တစ်ခါ အန်ကယ်လ် ဒီလို သူတို့ရိုက်တဲ့အခါမှာပေ့ါလေ၊ ဆဲဆိုကြိမ်းမောင်းပြီးတော့ ရိုက်တယ်လို့ ပြောတယ်။ အန်ကယ်လ်ရော ဘယ်လိုကြားခဲ့ရသလဲ။

**ဖြေ။** ။ ကျွန်တော့် အပိုင်းပေ့ါနော်။ ကျွန်တော် ကြားတဲ့အတိုင်း၊ ကျွန်တော် အရိုက်ခံရတဲ့ အပိုင်းမှာ တော့ ကြောက်ပြီ လားကွ၊ ဘာညာနဲ့ မေးပြီးတော့ ဘာလို့လာရတာလဲ၊ အစရှိသည်ဖြင့်ပေ့ါ။ မလာပါနဲ့လို့ ပြောထားရဲ့သားနဲ့ ဒါပဲ ကျွန်တော်ကြားရပါတယ်။ ကျွန်တော်အရိုက်ခံရတဲ့ အပိုင်းကတော့။

**မေး။** ။ အန်ကယ့်လ်ရှေ့မှာ ဒါဏ်ရာရတဲ့သူတွေရော တွေ့ခဲ့သေးလားခင်ဗျ။

ဖြေ။ ။ ဒါဏ်ရာရတဲ့သူက ကိုယ်ကိုယ်တိုင်လည်း ဒါဏ်ရာရခဲ့တာပါ။ ကျွန်တော်လေးနေရာမှာ ရခဲ့တယ် ခင်ဗျ။ ညာဘက် မျက်စိအောက်နားကပ်ပြီးတော့ တစ်ချက်၊ နောက် ဘယ်ဘက်လက်ကောက်ဝတ်မှာ တစ်ချက်၊ ညာဘက် လက်ကောက်ဝတ်မှာ တစ်ချက်၊ ညာဘက်လက်မောင်းရင်းမှာ တစ်ချက်၊ ကျွန်တော် လေးချက်တိတိ၊ ညာဘက်ပိုင်း ကတော့ ကျွန်တော် ဒုတ်နဲ့ရိုက်ခံရတာပါ။ ကျွန်တော် ကားရှေ့ခန်း ညာဘက်ကထိုင်တော့၊ ဘယ်ဘက်ကတော့ ကျွန်တော် ထင်ပါတယ်၊ ကားမှန်ကို ခဲနဲ့ပေါက်တော့ အဲဒီမှာ ခဲမှန် မှန်စ အဲလိုထင်ပါတယ်။

မေး။ ။ သူတို့က အန်ကယ်လ်တို့ကို ဘယ်လိုလုပ်ဖမ်းသွားသလဲ ခင်ဗျ။
ဖြေ။ ။ ဒီပဲယင်းအဝင်မှာ သက်ဆိုင်ရာအာဏာပိုင်တွေပေ့ါလေ၊ ရဲပေ့ါ၊ ဒါပေမယ့် သူတို့က ကျွန်တော်တို့ ကို လုံခြုံရေး တာဝန်ယူပြီးတော့ ခေါ်သွားတာပေ့ါနော်။ မယကရုံးပေ့ါနော်။ မယကရုံးကတဆင့် ဒီပဲယင်း အချုပ်ခန်း ရောက်သွားတာ ပေ့ါ။

မေး။ ။ သူတို့ အဲဒီလို ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့အချိန်မှာ ခေါ်သွားတာလား၊ ဒါမှမဟုတ်ရင် အဲဒီက လွတ်ထွက်သွား ပြီးမှ အန်ကယ်လ်တို့က အဖမ်းခံရတာလား။
ဖြေ။ ။ ကျွန်တော်က လွတ်ထွက်သွားပါတယ်။ ကျွန်တော်က ရိုက်တဲ့နေရာကနေပြီးတော့ ခုနပြောသလို ပေ့ါ၊ ဒီပဲယင်းအသွားမှာပေ့ါနော်၊ အန်ကယ်လ် ဦးတင်ဦးရယ်၊ ကျွန်တော်ရယ်၊ ဦးတင်အောင်အောင်ရယ်၊ ဒေါက်တာဝင်းအောင် ရယ်၊ ကျွန်တော်တို့ (၄) ယောက်။

မေး။ ။ ဘယ်အချိန်မှာ အဖမ်းခံရတာလဲ၊ အန်ကယ်လ်တို့က အဲဒီကနေပြီး ထွက်သွားတော့။
ဖြေ။ ။ ရှစ်ခွဲလောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။

မေး။ ။ နောက် အဲဒီကနေပြီး အန်ကယ်လ်တို့ကို ဘယ်ကိုဆက်ခေါ်သွားလဲ ခင်ဗျ။
ဖြေ။ ။ ကျွန်တော်တို့က ဒီပဲယင်းရဲစခန်းမှာ နှစ်ညအချုပ်ခံရပါတယ်။ နှစ်ညအချုပ်ခံပြီး ကလေးအကျဉ်းထောင်ကို ဇွန်လ (၂) ရက်နေ့မှာ ရောက်သွားပါတယ်။

မေး။ ။ အန်ကယ်လ်တို့ အဲဒီမှာရော မေးမြန်းတာတွေ၊ ဘာတွေရော ခံရလားခင်ဗျ။
ဖြေ။ ။ သြော်၊ ရှိပါတယ်ခင်ဗျ။ မေးတာက ကျွန်တော်တို့ မြစ်ကြီးနားခရီးစဉ်ပေ့ါ၊ ကချင်ပြည်နယ် ခရီးစဉ်၊ စစ်ကိုင်းတိုင်း ခရီးစဉ်၊ မန္တလေးတိုင်း ခရီးစဉ်ပေ့ါ၊ အဲဒီတစ်လျှောက် ကျွန်တော်စတင်ပါဝင်ပြီးတော့ ခရီးစဉ် တစ်လျှောက် ပါသွားတာတွေ၊ အခု ထိန်းသိမ်းတဲ့ထိပေ့ါ၊ အဲဒီတလျှောက်မှာ ဖြစ်ခဲ့တာတွေ၊ တွေ့ခဲ့တာတွေ ဒါ မေးခဲ့တာပါ။

မေး။ ။ အန်ကယ်လ်တို့ နှိပ်စက်ညှဉ်းပန်းတာကို ခံရသေးလား။
ဖြေ။ ။ လုံးဝမရှိပါဘူး။

မေး။ ။ အခု အန်ကယ်လ်တို့ ပြန်လွှတ်ပေးလိုက်တဲ့အခါကျတော့ ဘယ်လိုပြောပြီး လွှတ်ပေးလိုက်လည်း ခင်ဗျ။
ဖြေ။ ။ ကျွန်တော့်ကိုတော့ ဘာမှအထွေအထူးတော့ မပြောပါဘူး။ နိုင်ငံတော်ကနေပြီးတော့ စေတနာ ထားပြီးတော့ ကျွန်တော်တို့ကို ပြန်လွှတ်ပေးလိုက်တာ၊ ဒီလောက်ပါပဲ ခင်ဗျ။

မေး။ ။ အခု အန်ကယ်လ် ဒီလို အပြစ်လည်းမရှိဘူးဗျာ၊ လက်နက်လည်း မရှိတဲ့လူတွေကို အဲလိုမျိုး အကြမ်းဖက်ပြီး ရိုက်နှက်ခံရတဲ့ အပေါ်ပေ့ါနော်၊ အန်ကယ်လ်တို့က ကိုယ်တိုင်ခံရတဲ့သူတွေဘက်က ဘယ်လိုမြင်သလဲ ခင်ဗျာ။
ဖြေ။ ။ ဒါကတော့၊ တရားဥပဒေစိုးမိုးမှုမှာ အားနည်းနေသေးတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ပေ့ါဗျာ ဆဒ္ဒန်ဆင် မင်းဝတ္ထုထဲကလိုပေ့ါဗျာ၊ လေးပစ်သူကိုလည်း ကျွန်တော်တို့ သိနေပါပြီ။ လေးပစ်သူ သိလို့ရှိရင်တောင် အသွားအစိတ် အပိုင်းအနေနဲ့ အစွယ်လိုသူကိုတော့ သက်ဆိုင်ရာအာဏာပိုင်တွေ အနေနဲ့ အမှန်တရားကို တစ်နေ့မှာ ဖော်ထုတ်ပေး လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။

ဒီပဲယင်းအကြမ်းဖက်မှုနဲ့ ပတ်သက်လို့ ကလေးထောင်ကပြန်လွတ်လာတဲ့ မျက်မြင်သက်သေတစ်ဦးဖြစ်သူ မြင်းခြံမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင် ပြောပြသွားတာ ဖြစ်ပါတယ် ခင်ဗျာ။ NCGUB